# လက်ပ်တိုစပိုင်ရိုးစစ်(Leptospirosis)ရောဂါ သတိပြုပါ

## လက်ပ်တိုစပိုင်ရိုးစစ်ရောဂါဆိုသည်မှာ -

လက်ပ်တိုစပိုင်ရိုးစစ်ရောဂါသည် လက်ပ်တိုစပိုင်ရာ (Leptospira Species) ဘက်တီးရီးယား ရောဂါပိုးကြောင့်ဖြစ်ပွားစေပြီး တိရစ္ဆာန်များမှတစ်ဆင့်ကူးစက်တတ်သောရောဂါ(Zoonotic Disease) ဖြစ်ပါသည်။ ကပ်အသွင်ဖြစ်ပွားနိုင်သော ကူးစက်ရောဂါဖြစ်ပြီး အချိန်မီကုသမှုမခံယူပါက အသက်ဆုံးရှုံးနိုင်ပါသည်။

## ကူးစက်ခံရနိုင်သည့်သူများ

တိရစ္ဆာန်တို့၏ ဆီးနှင့်အညစ်အကြေးများ ရောနှောပါဝင်နေသည့် ရေများ (ညစ်ညမ်းသောရေများ) အတွင်း အလုပ်လုပ်ကိုင်ကြသူများဖြစ်သည့် တောင်သူလယ်သမားများ၊ မိုင်းတွင်းလုပ်သားများ၊ သန့်ရှင်းရေးလုပ်သားများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်း လုပ်ကိုင်ကြသူများတွင် ကူးစက်ခံ ရနိုင်ချေပိုမိုများပြားပါသည်။



## ကူးစက်နိုင်သည့် နည်းလမ်းများ

ရောဂါပိုးကူးစက်ခံထားရသည့် အိမ်မွေးတိရစ္ဆာန်များ အပါအဝင် အခြားတိရစ္ဆာန်များ (ကြွက်၊ နွား၊ ဝက်၊ ခွေး၊ မြင်း၊ ကျွဲ၊ သိုး၊ ဆိတ်) စသည်တို့၏ ဆီးနှင့် အညစ်အကြေးများတွင် ရောဂါပိုးများ ပါဝင်ပါသည်။ ရောဂါပိုးသည် အဆိုပါ ဆီးနှင့် အညစ်အကြေးများနှင့်တိုက်ရိုက်ထိတွေ့မှုရှိသူများ (သို့မဟုတ်) ဆီးနှင့် အညစ်အကြေးများပါဝင်သော ရေနှင့်ထိတွေ့သူများ၏ အရေပြား (အထူးသဖြင့် အနာနှင့် ပွန်းပဲ့ဒဏ်ရာများ)၊ မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့ မှတစ်ဆင့် ဝင်ရောက်ပြီး ရောဂါကူးစက်ဖြစ်ပွားနိုင်ပါသည်။




- မိုးရာသီနှင့် ကောက်ရိတ်သိမ်းချိန် ကာလများတွင် ရောဂါဖြစ်ပွားမှု ပိုမိုများပြားပါသည်။
- ရေကြီးရေလျှံစဉ်ကာလများနှင့် မုန်တိုင်းတိုက်ပြီးချိန်တွင် ရောဂါကူးစက်ဖြစ်ပွားမှု ပိုမိုများပြားနိုင်သဖြင့် အထူးဂရုပြုကာကွယ်သင့်ပါသည်။

https://www.mohs.gov.mm
https://www.facebook.com/MinistryOfHealthAndSportsMyanmar
https://www.facebook.com/health.literacy.myanmar

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
၃ အောက်တိုဘာ ၂၀၁၉

## ရောဂါလက္ခဏာများ




လက်ပ်တိုစပိုင်ရိုးစစ်ရောဂါလက္ခဏာသည် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ တိုက်ဖွိုက်ရောဂါတို့၏ လက္ခဏာများနှင့် ရောထွေးမှားယွင်းတတ်သည်။

လက်ပ်တိုစပိုင်ရိုးစစ်ရောဂါဟု အတည်ပြုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်ပြသပြီး ဓါတ်ခွဲစစ်ဆေးရန် လိုအပ်သည်။

## လက်ပ်တိုစပိုင်ရိုးစစ်ရောဂါ ကာကွယ်နိုင်မည့် နည်းလမ်းများ



လယ်ယာလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် လည်ရှည်ဖိနပ်၊ လက်အိတ်စသည့် အကာအကွယ်များ ဝတ်ဆင်ပြီးမှသာ လုပ်ငန်းခွင်ဝင်ရပါမည်။



ခန္ဓာကိုယ် (အထူးသဖြင့် ခြေလက်များ)တွင် အနာများ၊ ပွန်းပဲ့ဒဏ်ရာများ ရှိပါက ရေလုံသော ပလာစတာများ ကပ်ထားရပါမည်။



မိုးရာသီနှင့် ကောက်ရိတ် သိမ်းချိန် ကာလများအတွင်း ရေလျှံနေသော နေရာများရှိ ရေအိုင်များ၌ ဆော့ကစားခြင်း၊ ရေချိုးခြင်း၊ ရေကူးခြင်းများကို ရှောင်ကြဉ်ပါ။



ရေကို ကျိုချက်ပြီးမှသာ သောက်သုံးရပါမည်။
အစားအစာများကို မကိုင်တွယ်မီ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောရပါမည်။



စားကြွင်းစားကျန်နှင့် အမှိုက်သရိုက်များအား အဖုံးပါသော အမှိုက်ပုံးအတွင်း လုံခြုံစွာပစ်ရပါမည်။

**လက်ပ်တိုစပိုင်ရိုးစစ်ရောဂါအား စောစီးစွာသိရှိပြီး နီးစပ်ရာ ကျန်းမာရေးဌာနတွင် အချိန်မီ ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။ ဆေးကုသမှု နှောက်ကျပါက အသက်ဆုံးရှုံးနိုင်ပါသည်။**

https://www.mohs.gov.mm
https://www.facebook.com/MinistryOfHealthAndSportsMyanmar
https://www.facebook.com/health.literacy.myanmar
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
၃ အောက်တိုဘာ ၂၀၁၉